# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | သစ်သားတံတားများနှင့် ဘေလီသစ်သားတံတားများ၌ အသုံးပြုသစ်များနေရာတွင် hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာ၊ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၇ | လှိုင်သာယာမြို့နယ်အတွင်း အဓိကလမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | ပင်းတလဲ-မိတ္ထီလာကားလမ်းပေါ်ရှိ ပျက်စီးနေသောသင်ပုန်းချောင်း ရေကျော်ကို ပြန်လည်ပြုပြင်ပေးရန် နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ရှိသူများအား မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၉ | ပေါက်တောမြို့နယ်၊ မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းတွင် မပြီးမပြတ် ကျန်ရှိနေခဲ့သောအပိုင်းနှင့်စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးပါရန်နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာသို့သွားသော ကျေးရွာချင်းဆက်လမ်းအရှည် (၈)မိုင်မှ ကျန်ရှိနေသော(၆)မိုင်အား ကျောက်ချော လမ်းအဖြစ် ခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |

| | | |
|---|---|---|
| ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂၃ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၂၆ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၁၉)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၉–၂–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **သစ်သားတံတားများနှင့် ဘေလီသစ်သားတံတားများ၌ အသုံးပြုသစ်များနေရာတွင် hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာ၊ တောင်မ– ရိုးချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်အတွင်း အဓိကလမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်စိုး၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **ပင်းတလဲ–မိတ္ထီလာ ကားလမ်းပေါ်ရှိ ပျက်စီးနေသော သင်ပုန်းချောင်းရေကျော်ကို ပြန်လည်ပြုပြင်ပေးရန်နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ရှိသူများအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ်၊ မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ–ဆံတော်ရှင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် မပြီးမပြတ်ကျန်ရှိနေခဲ့သော အပိုင်းနှင့် စပ်လျဉ်း၍ မည်သည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်းတွင်တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးပါရန်နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာသို့ သွားသော ကျေးရွာချင်းဆက်လမ်းအရှည်(၈)မိုင်မှ ကျန်ရှိနေသော (၆)မိုင်အား ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော **“ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
## (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ခွင့် ၁ ရက်၊
(၂) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး အစည်းအဝေးပြီးဆုံးသည်အထိ၊
(၃) မိုညှိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊
(၄) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၅) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၃ ရက်၊
(၆) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊
(၇) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၈) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၉) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊
(၁၀) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊
(၁၁) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၂ ရက်၊
(၁၃) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၃ ရက်၊
(၁၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ခွင့် ၂ ရက်၊
(၁၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၃ ရက်၊
(၁၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊
(၁၇) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊
(၁၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊

(၁၉) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊
(၂၀) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၁ ရက်၊
(၂၁) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊
(၂၂) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊
(၂၃) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊
(၂၄) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၂ ရက်၊
(၂၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၂၆) စဥ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊
(၂၇) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၂၈) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၂၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၃၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၂ ရက်၊
(၃၁) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၅ ရက်၊
(၃၂) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၃၃) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်၊
(၃၄) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၂ ရက်၊
(၃၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၃ ရက်၊
(၃၆) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၃ ရက်၊
(၃၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၅ ရက်နှင့်
(၂၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သစ်သားတံတားများနှင့် ဘေလီသစ်သားတံတားများ၌ အသုံးပြုသစ်များနေရာတွင် hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ တည်ဆောက်ရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကကျတဲ့ တံတားလုပ်ငန်း များဆောင်ရွက်ရာမှာ သစ်သားတံတားနဲ့ ဘေလီသစ်သားတံတားနေရာတွေမှာ မသုံးမဖြစ်သုံးစွဲရတဲ့ သစ်တွေနေရာမှာ hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးအသုံးပြုဆောင်ရွက်နိုင်ရေးအတွက် မေးမြန်းမယ့်မေးခွန်းဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေဖို့အတွက် လုပ်ငန်းတန်ဖိုးကြီးမားတဲ့ သံကူ ကွန်ကရစ်တံတားတွေမတည်ဆောက်နိုင်ခင် သစ်သားတံတားတွေ၊ ဘေလီသစ်သားတံတားများနဲ့ ယာယီနှစ်အပိုင်းအခြားအတွက်ဖြစ်စေ၊ ကာလအတန်ကြာကြာအတွက်ဖြစ်စေ ဆောက်လုပ်သုံးစွဲနေကြ ရဆဲဖြစ်တာကိုတွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ သစ်တော၊ သစ်ပင်တွေနည်းပါးလာခြင်းနဲ့ သက်တမ်းရင့်သစ်ပင်များမရှိသလောက် ရှားပါးလာခြင်းစတဲ့အခြေအနေတွေကြောင့် ရရာသစ်တွေကို အသုံးပြုနေရတဲ့အတွက် သက်တမ်းနုသစ်တွေသုံးနေကြရလို့ တံတားရဲ့ခံနိုင်ဝန်နဲ့အရည်အသွေးတွေ က နိမ့်ကျလာတာကြောင့် တံတားတွေကတည်ဆောက်ပြီး မကြာခင်မှာပဲ လေလွင့်ပျက်စီးမှုတွေ ဖြစ်လာလို့ မကြာခဏပြန်ပြီးပြင်ဆင်နေရတဲ့အတွက် နိုင်ငံတော်အတွက်နစ်နာဆုံးရှုံးမှုတွေ များစွာ ဖြစ်ပေါ်နေရတာကိုလည်း တွေ့ရပါတယ်။ သစ်ကိုမသုံးမဖြစ် သုံးနေရတာဖြစ်တဲ့အတွက်ကြောင့် သစ်တော၊ သစ်ပင်ပျက်စီးပျောက်ဆုံးလာမှု၊ ရာသီဥတုနဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်လာစေမှု၊ ဂေဟ

စနစ်ပျက်ယွင်းလာစေမှုစတဲ့အကျိုးဆက်တွေနဲ့ နိုင်ငံခြားဝင်ငွေရရှိမှုလျော့နည်းကျဆင်းလာစေမှုစတဲ့ ရလဒ်တွေရလာနိုင်မှာ ဖြစ်တာကိုတွေ့ရပါတယ်။

ကျွန်တော်တင်ပြလိုတာက ဒီလိုသစ်တွေကိုအသုံးပြုတဲ့နေရာတွေမှာ အကြမ်းခံ၊ ရေရှည်ခံတဲ့ hollow လေးထောင့်သံပိုက်တွေနဲ့ အစားထိုးဆောင်ရွက်မယ်ဆိုရင် ရလာနိုင်မယ့်အကျိုးရလဒ်အနေနဲ့ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့မြို့နယ်က န.တ.လ ရန်ပုံငွေနဲ့ သစ်အစားထိုး သံပိုက်တံတား တည်ဆောက်မှု ဆောင်ရွက်ထားမှုအခြေအနေနဲ့ နှိုင်းယှဉ်တင်ပြချင်ပါတယ်။ Power Point သုံးစွဲခွင့်ပြုဖို့နဲ့ Power point ကိုဆက်တိုက်ပြပေးဖို့ မေတ္တာရပ်ခံပါတယ်။ ၁၀ ပေအရှည်၊ ၁၆ ပေအကျယ် တံတားတစ်စင်းဆောက်လုပ်ခြင်းနဲ့ပတ်သက်လို့ အဓိကတံတားအပေါ်ထည်ပိုင်းဖြစ်တဲ့ ယက်မ၊ အခင်း၊ ဘီးလမ်း၊ လက်ရမ်းတန်း၊ လက်ရမ်းတိုင်နဲ့ လက်ရမ်းထောက်တိုင်တို့အတွက် ကုန်ကျစရိတ် အနေအထားကိုလေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ဆီက ဒေသဈေးနှုန်းအရ အကြမ်းသဘောနဲ့ တွက်ချက်ကြည့်တဲ့အခါမှာ ၁၆ ပေအကျယ်တံတားတစ်စင်းအတွက် တစ်ပေကုန်ကျစရိတ်ဟာ တောသစ်နဲ့ဆိုရင် ကျပ်တစ်သိန်းကျော်ကုန်ကျမှာဖြစ်ပြီး ပျဉ်းကတိုးသစ်နဲ့ဆိုရင် ၁.၇ သိန်းလောက် ကုန်ကျမှာဖြစ်ပြီးတော့ hollow သံပိုက်နဲ့ဆိုရင် ၂.၂ သိန်းလောက်ကုန်ကျနိုင်မှာဖြစ်တာကို တွေ့ရပါတယ်။ ကျွန်တော်တင်ပြခဲ့သလို လက်ရှိသစ်များဟာ သက်တမ်းနုတဲ့အတွက်ကြောင့် တည်ဆောက်ပြီး လပိုင်းအတွင်းမှာလောက်မှာပဲ လေလွင့်ပျက်စီးမှုအကြိမ်ကြိမ်ပြုပြင်ရတဲ့ အခြေအနေရှိပြီးတော့ hollow သံပိုက်တံတားကတော့ လေးနှစ်၊ ငါးနှစ်လောက်ကြာတဲ့အခါထိ အတော်လေးခိုင်ခံ့ကောင်းမွန်နေတာကိုတွေ့ရပါတယ်။ ဒီလိုအစားထိုးဆောင်ရွက်ခြင်းအားဖြင့် ရေရှည်ခိုင်ခံ့မှုရရှိလာခြင်း၊ လက်ရှိဆောင်ရွက်ထားတဲ့တံတားကို ကွန်ကရစ်အဆင့်မြှင့်မယ်ဆိုလို့ရှိရင်လည်းပဲ အသုံးပြုထားတဲ့ Hollow ဖရိန်တွေကို လိုအပ်တဲ့တံတားသစ်တွေနေရာမှာ ပြောင်းရွှေ့အသုံးပြုနိုင်ခြင်းစတဲ့ နိုင်ငံတော်ရဲ့အသုံးစရိတ်ချိုးချန်ခြွေတာရာရောက်ပြီးတော့ အကျိုးရှိနိုင်ခြင်း၊ ၁၀ ပေအရှည် သစ်သားတံတားတစ်စင်းရဲ့ အပေါ်ထည်သစ်သားလိုအပ်ချက်ဟာ သစ်ပမာဏနှစ်တန်ကျော်ကျော်ကုန်ကျမှာဖြစ်လို့ တစ်နိုင်ငံလုံးအတိုင်းအတာအရ သစ်သားတံတားပေါင်းများစွာအတွက်လိုအပ်မယ့် သစ်ပမာဏက များစွာပျောက်ဆုံးနိုင်တဲ့အတွက် သစ်ပင်များထိန်းသိမ်းထားနိုင်လာခြင်း၊ ဒီလိုစတဲ့သစ်တွေကို နိုင်ငံခြားဝင်ငွေ အစားထိုးရှာဖွေပေးလာနိုင်ခြင်း စတဲ့အကျိုးရလဒ်တွေရလာနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်မှဆောင်ရွက်လျက်ရှိတဲ့ သစ်သားတံတားနဲ့ ဘေလီသစ်သားတံတားများအတွက် တံတားကိုယ်ထည်သစ်သုံးစွဲတဲ့နေရာမှာ hollow သံပိုက်တွေနဲ့ အစားထိုးဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်မရှိဘူးဆိုရင် ရှင်းလင်းချပြနိုင်ဖို့ ပြည်သူများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော

ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုမွှေမေးမြန်းထားတဲ့ နိုင်ငံတော်အတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှ အရေးကြီးသော တံတားလုပ်ငန်းများတွင် သစ်သားတံတားများနှင့် ဘေဘီသစ်သားတံတားများ၌ အသုံးပြုသည့် သစ်များနေရာတွင် hollow လေးထောင့်သံပိုက်များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းလေးက နည်းပညာပိုင်းဆိုင်ရာမေးခွန်းလေးဖြစ်တဲ့အတွက် နည်းပညာပိုင်းဆိုင်ရာ အဖြေအကျဉ်းချုပ်ကို Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် တံတားများစွာတည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ တံတားများတည်ဆောက်ရာတွင် Heavy Load Class များဖြစ်တဲ့ HS 20-44 (တစ်စီးချင်းခံနိုင်ဝန် 60 Tons), HS 25-44 (တစ်စီးချင်း ခံနိုင်ဝန် 75 Tons) ယာဉ်ကြီးများအတွက် သံပေါင်တံတား၊ သံကူကွန်ကရစ်တံတားနှင့် ဘေလီတံတားများကို တည်ဆောက်လျက်ရှိပြီးတော့ ယာယီတံတားများအဖြစ် သစ်သားတံတားများနှင့် ဘေလီတံတားများကို ယာယီအနေဖြင့်အသုံးပြုပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေဖြင့် ရှင်းလင်းတင်ပြရရင် သစ်သားဆိုသည်မှာ (Fiber) သစ်မျှင်များဖြင့်ဖွဲ့စည်းထားပြီး သစ်၏အမျှင်ပါဝင်မှု၊ အမျှင်၏မာကျောမှု၊ သစ်ပင်၏သက်တမ်းကြာမြင့်မှုပေါ်မူတည်ပြီးတော့ ခံနိုင်ရည်တိုးမြင့်လာတာဖြစ်ပါတယ်။ ပျဉ်းကတိုး၊ ကျွန်း၊ အင်၊ ကညင်၊ လက်ပန်၊ တောင်သရက်အစရှိတဲ့ သစ်အမျိုးမျိုးမှာ ခံနိုင်ရည်အမျိုးမျိုးရှိကြပါတယ်။ သစ်အမျိုးအစားအလိုက် Density, Hardness, Shear နှင့် Tension စသည်ဖြင့် Property အမျိုးမျိုးတို့ကွဲပြားခြားနားပါတယ်။ နမူနာအားဖြင့်ဆိုရင် အမာဆုံးဖြစ်တဲ့ ပျဉ်းကတိုးသစ်မှာ Hardness အနေနဲ့1041 kg ရှိပြီးတော့ အပွဆုံးဖြစ်တဲ့ လက်ပံသစ်မှာ Hardness အနေနဲ့ 93 kg ရှိတဲ့အတွက် မာကျောမှုအနေနဲ့ဆိုရင် အဲဒီသစ်နှစ်မျိုးမှာတင် ၁၀ ဆလောက်ကွာခြားနေတာတွေ့ရပါတယ်။ သစ်အမျိုးမျိုး၏ခံနိုင်ရည်ကို ပူးတွဲပါဇယားမှာ တင်ပြထားပါတယ်။

ဒီနေရာမှာလည်း သစ်ရဲ့အားသာချက်မှာ Fiber အမျှင်တွေနဲ့တည်ဆောက်ထားတဲ့အတွက် တံတားကခံနိုင်ရည်မရှိလို့ ကျိုးကျမယ်ဆိုရင် ချက်ချင်းကျိုးကျသွားတာမျိုးမဟုတ်ဘဲနဲ့ သူကတဖြည်းဖြည်းအိကျလာပြီးတော့ သတိပေးချိန်ရှိတဲ့အတွက် ကျွန်တော်တို့ အများပြည်သူအတွက် အန္တရာယ်ကနေ ရှောင်လွှဲနိုင်တဲ့အနေအထားမျိုးရှိပါတယ်။ သို့သော်လည်းပဲ Steel တံတားတွေကတော့ အကောင်းထဲကနေ ရုတ်တရက် Yield Point လို့ခေါ်တဲ့ခံနိုင်ရည်ကျော်သွားလို့ရှိရင် အကောင်းကြီးကနေ ရုတ်တရက်ကျိုးကျတာမျိုးဖြစ်ပါတယ်။ ဥပမာအားဖြင့် အမေရိကန်၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယားစတဲ့နိုင်ငံတွေမှာလည်း Steel တံတားကျိုးကျမှုတွေရှိပါတယ်။ အကောင်းကြီး

ကနေ သွားရင်းကျိုးကျတာ။ ဥပမာဆိုရင် ကိုရီးယားနိုင်ငံမှာဆိုရင် ဟန်မြစ်ကူးတဲ့တံတားတစ်စင်းဟာ ဆိုရင် တန်ပိုယာဥ်တွေသွားထားလို့ တံတားသည် Yield Point ကျော်တဲ့အချိန်မှာ Note Class အမြင့်ဆုံးရောက်တဲ့အချိန် နောက်တစ်နေ့မှာ ကလေးတွေပို့တဲ့ကျောင်းကားလေးကူးလိုက်တာနဲ့ ဒီတံတားကြီးကကျိုးကျတော့ ကလေးငယ်လေးတွေလည်း ဆုံးသွားတဲ့အဖြစ်မျိုး ဒါမျိုးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုအဖြစ်မျိုးမဖြစ်ဖို့အတွက် Steel တံတားတွေအားလုံးကို နေ့စဉ် Visible Check နဲ့စစ်ဆေးခြင်း၊ လစဉ်စစ်ဆေးခြင်းများကို ကျွန်တော်တို့ဆောင်ရွက်လျက် ရှိပါတယ်။

သစ်သားကို အသုံးမပြုဘဲ Steel ကိုသုံးမယ်ဆိုရင်တော့ Structural Steel နှင့် Non Structure Steel ဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ Steel မှာပါဝင်တဲ့ Chemical Composition ပေါ်မူတည်ပြီးတော့ သံ၏ခံနိုင်ရည်ဟာ အမျိုးမျိုးကွဲပြားပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် တံတားအတွက်အသုံးပြုတဲ့ သံအမျိုးအစားမှာ SS400 နှင့် SM490 နှစ်မျိုး ရှိပြီးတော့ Tensile Strength မှာ အနည်းဆုံး 400 N/mm$^2$ မှ အများဆုံး 490 N/mm$^2$ အထိ ရှိပါတယ်။ Structural Steel ကိုတော့ တံတားများ၊ အဆောက်အဦများ ဝန်အလေးချိန်ကို ထမ်းတဲ့နေရာများဖြစ်တဲ့ Main Member များအတွက်အသုံးပြုပါတယ်။ Non Structural Steel ကိုတော့ ဝန်အလေးချိန်မထမ်းတဲ့ Secondary Member များဖြစ်တဲ့အဆောက်အဦရဲ့ အမိုးဒိုင်း၊ မျှားတန်းနဲ့ တံတားများရဲ့ လက်ရမ်းတွေမှာသုံးပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်နေတဲ့ တံတားများမှာ Steel Truss, Steel Box Girder, Steel Plate Girder, Bailey Bridge, Steel Decking များကိုတော့ Structural Steel ဖြစ်တဲ့ SS400 နဲ့ SM490 ကို အသုံးပြုပါတယ်။ SS400 ရဲ့ Tensile Strength ဟာ (400 N/mm$^2$) ရှိပြီးတော့ Secondary Member တွေမှာ သုံးပါတယ်။ ခန်းဖွင့်ကျယ်တံတားကြီးတွေအတွက် ဆိုရင်တော့ Marine Steel လို့ခေါ်တဲ့ အမြောက်လက်နက်ကြီးတွေ၊ တင့်ကားတွေ၊ သင်္ဘောကြီးတွေထုတ်လုပ်နိုင်တဲ့ သံအမျိုးအစားဖြစ်တဲ့ Marine Steel SM490 ကို အသုံးပြုပါတယ်။ SM490 Steel ရဲ့ Tensile Strength ဟာ 490 N/mm$^2$ ရှိပြီးတော့ Main Member တွေမှာ သုံးပါတယ်။ ဖော်ပြပါ ဇယားအရ ဒီ Steel တွေမှာပါဝင်တဲ့ Chemical Composition တွေပေါ်မူတည်ပြီးတော့ Iron Content အများဆုံးဖြစ်တဲ့ Marine Steel နှင့် Structural Steel တွေကို တံတားတွေမှာ အသုံးပြုရတာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ Chemical Composition, Mechanical Property နဲ့ Modulus of Elasticity ကိုပူးတွဲပါဇယားမှာ ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ သံဆိုတာကလည်းပဲ Mechanical Property နှင့် Chemical Composition တွေပေါ်မူတည်ပြီးတော့ သံရဲ့ခံနိုင်ရည်ဟာ အမျိုးမျိုး ကွဲပြားပါတယ်။ သံထဲမှာ Ferrous နှုန်းပေါ်မူတည်ပြီးတော့ ကွဲပြားပါတယ်။ ဥပမာအားဖြင့် သံသည် Ferrous ပါဝင်မှုနည်းပြီး မြေကြီးတွေ၊ မြေသားပါဝင်မှုနှုန်းများလို့ရှိရင် ခံနိုင်ရည်အများကြီး လျော့သွား ပါတယ်။ ဒီလို သံအမျိုးအစား ခေါင်းပွသံတွေကိုတော့ Structural Steel လို့ခေါ်တဲ့

ဝန်အလေးချိန်ခံရတဲ့နေရာတွေမှာ အသုံးပြုလို့မရနိုင်ဘူး။ ကိုယ်စားလှယ်ကြီးပြောတဲ့ ခေါင်းပွ Steel လို့ခေါ်တဲ့ Hollow သံပိုက်တွေကို ကျွန်တော်တို့နိုင်ငံတွေမှာတော့ သံပန်း၊ သံတံခါးလိုနေရာမျိုးတွေမှာ ဝန်အလေးချိန်ထမ်းတာမဟုတ်ဘဲ အလှဆင်တဲ့နေရာတွေမှာ အသုံးပြုမှုများပါတယ်။ တံတား တည်ဆောက်မှုနေရာမျိုးမှာ မသုံးသင့်ပါဘူး။ ကျွန်တော်တို့နိုင်ငံ ဈေးကွက်မှာရှိတဲ့ ခေါင်းပွ Steel တွေရဲ့ အထူအပါးဟာ ဖော်ပြပါပုံအတိုင်း 1mm ကနေ 3mm ပဲရှိတဲ့အတွက် ဝန်ခံနိုင်ရည် နည်းပါးပါတယ်။ SM490 နှင့်နှိုင်းယှဉ်ရင် အဆ ၂၀ ခန့် ကွာခြားကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့အကြံပြုတင်ပြချက်များဟာလည်း တကယ်တော့ ကောင်းတဲ့အကြံဉာဏ်များ ဖြစ်ပါတယ်။ အကြံပြုတဲ့ Hollow Steel တွေကို ဒေသလိုအပ်ချက်နှင့်အညီ ယာယီအစီအစဉ်အရ ဆောင်ရွက်နိုင်ပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်လိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Structure Design ပိုင်း၊ Construction ပိုင်းတို့နှင့် ဆက်သွယ်ပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ Hollow Pipe အခေါင်းပွတွေဟာ ရေဝင်ပြီးသံချေးတက်လွယ်သဖြင့် တံတားအလှအပ၊ လက်ရမ်း၊ ဝန်မထမ်းတဲ့နေရာမှာသုံးသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဘေလီသစ်သားခင်းများကို Steel Decking များပြောင်းရန် စီစဉ်ထားပြီးတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ခွဲဝေပေးနိုင်မှုအခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ယခု ဖြစ်ပေါ်တိုးတက်လာတဲ့အခြေအနေအရ တံတားများတည်ဆောက်ရာတွင် ရေရှည်အသုံးပြုနိုင်သော သံကူကွန်ကရစ်၊ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားများ တည်ဆောက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျယ်ပြန့်စွာအသုံးပြုနေတဲ့ Hollow Steel တွေကတော့ ဒေသလိုအပ်ချက်ပေါ်မူတည်ပြီး အသုံးပြုနေတာတွေ့ရပါတယ်။ Steel Structure အပိုင်းမှာ အသုံးပြုမည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများကတစ်ဆင့် ဆောင်ရွက်မည့် Structure Design များကို သေချာစွာစိစစ်သင့်ပါကြောင်း ဒီနေရာကနေ အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သစ်သားကြမ်းခင်းတံတားနှင့် ဘေလီတံတားသံပေါင် သစ်သားကြမ်းခင်းကဲ့သို့သော ယာယီတံတားငယ်များမှာ ဝန်ထမ်းရမယ့်နေရာမှာတော့ Hollow Steel များကို အသုံးပြု၍မရဘဲ ဝန်မထမ်းသော လက်ရမ်း ဒါမှမဟုတ်ရင်လည်း သံပန်းကဲ့သို့နေရာများ၌ Hollow လေးထောင့်သံပိုက်များအား တံတားအရွယ်အစား၊ ယာဉ်သွားလာမှုအပေါ်မူတည်၍ စိစစ်အသုံးပြုလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားခဲ့တာတော့ ဒါ ကျွန်တော်တို့ နည်းပညာပိုင်းဆိုင်ရာပေါ့လေ။ ကျွန်တော်တို့ကတော့ အင်ဂျင်နီယာလည်းမဟုတ်တော့ နည်းပညာပိုင်းဆိုင်ရာတော့ သိပ်မသိပါဘူး။ ဒါပေမဲ့ အခုနက ကျွန်တော် ပုံမှာပြသလိုပေါ့နော်။ ဒီဘေလီတံတားအရှည်ကြီးတွေအတွက်ကတော့ အခုနကပြောတဲ့ သစ်သားသုံးစွဲမှု ဘာညာကတော့ ဒါကတော့ အင်ဂျင်နီယာပိုင်း

ဆိုင်ရာလုပ်ငန်းတွေနဲ့ ဆောင်ရွက်မယ်ဆိုတာကတော့ ဒါ ကန့်ကွက်စရာလည်းမရှိပါဘူး။ ကျွန်တော်တို့ အခုနက တံတားပြသလို ပေ ၆၀ အောက်နဲ့ ဒီတံတားလေးတွေမှာ အသုံးပြုနိုင်မယ်ဆိုရင် အခုနက ကျွန်တော် ဆွေးနွေးတင်ပြခဲ့သလိုပဲ နိုင်ငံတော်ရဲ့ သစ်တော၊ သစ်ပင်တွေထိန်းသိမ်းရာလည်း ရောက်တဲ့အပြင်ကို ကျွန်တော်တို့မှာရှိတဲ့ အခုနကပြတဲ့တံတားဆိုလို့ရှိရင် ငါးနှစ်လောက်ရှိသွားပြီ။ ဝန်ကြီးပြောသလို ဘီးလမ်းတွေဆိုလည်း ပြားသွားတာမရှိပါဘူး။ ယာဉ်အသွားအလာတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ဒီဘက်ကသွားတဲ့ဟာသည် ဂေါ်တိုင်ကျောက်တွေ တန် ၃၀၊ ၄၀၊ ၅၀ လောက် ရှိတဲ့ကားကြီးတွေတောင် ဖြတ်နေပါတယ်။ အဲဒီတော့ ဒီတံတားကတင်ပြတဲ့ ရည်ရွယ်ချက် ကလည်းပဲ ကျွန်တော်က နိုင်ငံအတွင်းမှာဖြစ်နေတဲ့ ဒီဆောက်နေတဲ့တံတားတွေ အခု ကျွန်တော်တို့ဘက်မှာ ဆိုလို့ရှိရင် သစ်တွေဆိုလို့ရှိရင် အရင်က သစ်တအားပေါပါတယ်။ အခုဆိုရင် သစ်တော်တော် ရှားပါပြီ။ အခု ကျွန်တော်တို့မှာ ပေ ၁၀၀၀ ကျော်တံတားဆိုလို့ရှိရင် ဘေလီတံတားကို သစ်လိုအပ်ချက်ကို ဝယ်ချင်ရင် ချက်ချင်းတောင်ရှာလို့မရပါဘူး။ ဝယ်လို့လည်းမရပါဘူး။ အဲဒီလိုပြဿနာတွေက အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဆွေးနွေးတင်ပြချင်တာကတော့ တတ်နိုင်တဲ့နေရာမှာ တတ်နိုင်သလောက်လေး အခုနက ပြောတဲ့ အရည်အသွေးပိုင်းဆိုင်ရာတို့၊ သံနဲ့ပတ်သက်တဲ့ ခံနိုင်ရည် အားတို့ကတော့ ဒါ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေရဲ့ နည်းလမ်းနဲ့ဆောင်ရွက်ပြီးတော့၊ တတ်နိုင် သလောက်စဉ်းစားပြီးတော့ ပြုပြင်ဖို့အစီအစဉ်ရှိ/မရှိ မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီးပြောတာကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ Environment ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေတာဖြစ်တဲ့အတွက် သစ်သားအစားထိုးတာကို ကျွန်တော်တို့က စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အခုလောလောဆယ်မှာတော့ Permanent Structure တွေအတွက်ကတော့ ကွန်ကရစ်တံတား၊ AC တံတားများကို အစားထိုးပါတယ်။ သို့သော် ယာယီမှာတော့ အခုနက ကိုယ်စားလှယ်တော်ကြီးပြောသလို တချို့နယ်တွေမှာ Hollow တွေကို Dakine တွေမှာ သုံးနေတာ ရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ယာယီအစီအစဉ်နဲ့ကတော့ အသုံးပြုလျက်ရှိပါတယ်။ ဒီနေရာမှာလည်းပဲ များသောအားဖြင့် ဒီပစ္စည်းတွေက အိမ်နီးချင်းနိုင်ငံ ကြီးကနေ တင်သွင်းလာတာရှိတဲ့အတွက် အဲဒီမှာလည်းပဲ ဈေးကွက်ထဲကြည့်တဲ့အခါကျတော့ ဒီသံ ကြည့်လိုက်ရင် လေးနှစ်ဆိုလေးနှစ်၊ ငါးနှစ်ဆိုငါးနှစ်မှာပဲ တစ်ခုနဲ့တစ်ခုက Saturn က တချို့က ဒီစက်ရုံအပေါ်မှာမူတည်ပြီးတော့ သူ့ရဲ့ခံနိုင်ရည် အများကြီးကွာခြားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သုံးမယ်ဆိုလို့ရှိရင်တော့ ဓာတ်ခွဲခန်းမှာ စနစ်တကျ လျှော့ဖြတ်အားကို ဆန်းသပ်ပြီးတော့မှ သုံးသင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ ကျွန်တော်တို့ ယာယီအနေနဲ့ကတော့ ကျွန်တော်တို့ လည်း သုံးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အကြံပြုလိုတာကတော့ တကယ်လို့များ နယ်တွေမှာ အသုံးပြုမယ်ဆိုရင်တော့ သူ့ရဲ့ လျှော့ဖြတ်အားကို ကျွန်တော်တို့ စမ်းသပ်ပေးပါ့မယ်။ စမ်းသပ်ပြီး တော့ ဘယ်လောက်ရှိလဲဆိုတဲ့ ခံနိုင်ရည်လည်း တွက်ထုတ်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာ၊ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ လွှတ်တော်မှာမေးမြန်းမယ့် မေးခွန်းကတော့ ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာမှာရှိတဲ့ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်မ-ရိုးချောင်းကူးတံတားဟာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာအုပ်စုမှာရှိတဲ့ ဆင်စွယ်တောင်ရွာနှင့် ဆင်စွယ်အလယ်ရွာကြား တောင်မ-ရိုးချောင်းပေါ်မှာတည်ဆောက်ထားတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ အလောင်းတော်ကဿပကို ဘုရားဖူးများအနေနဲ့ ယင်းမာပင်-လယ်ဝေါက်လမ်းအတိုင်း သွားမယ်ဆိုပါက ဆင်စွယ်ရွာမှာရှိတဲ့ တောင်မ-ရိုးချောင်းတံတားကို ဖြတ်သန်းသွားလာရတဲ့အတွက် အလောင်းတော်ကဿပသွား ပင်မလမ်းမပေါ်မှာရှိတဲ့ တံတားကြီးတစ်စင်းလည်း ဖြစ်ပါတယ်ခင်ဗျား။ တောင်မ-ရိုးချောင်းကူးတံတားကိုတော့ လွန်ခဲ့တဲ့ ၂၀၀၅ ခုနှစ်က ဆင်စွယ်ချောင်းဆရာတော် ဘဒ္ဒန္တတေဇသာရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးကိုယ်တိုင် ဦးစီးတည်ဆောက်ခဲ့တာဖြစ်ပြီးတော့မှ အလျား ၇၀ ပေ အနံ ၁၄ ပေ အမြင့် ၁၄ ပေနဲ့ တည်ဆောက်ထားတဲ့ သစ်သားတံတားအမျိုးအစား တံတားတစ်စင်းဖြစ်ပါတယ်။ အခုအခါမှာတော့ အဲဒီတံတားကြီးဟာ ကြမ်းခင်းသစ်သားများ ဆွေးမြည့်ပျက်စီးပြီးတော့ ကမ်းကပ်ခုံများလည်း အမှန်တကယ်ယိုယွင်းနေပြီဖြစ်ပါတယ်။ တံတားကြီးအခြေအနေနဲ့ပတ်သက်လို့ လွှတ်တော်မှတစ်ဆင့် တင်ပြထားတဲ့ အမှုတွဲမှာ ဖော်ပြထားတဲ့ ဓာတ်ပုံများကို ကြည့်မယ်ဆိုလို့ရှိရင် အလျင်အမြန်ပြန်လည်တည်ဆောက်သင့်ကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ တံတားကြီးအနီးမှာ ဆင်စွယ်ကျေးရွာရဲ့အထက်တန်းကျောင်းကြီးလည်း တည်ရှိတဲ့အတွက် အဆိုပါတံတား ယိုယွင်းနေတဲ့၊ ပျက်စီးနေတဲ့တံတားပေါ်မှ အလောင်းတော်ကဿပဘုရားဖူးကားများ၊ ဒေသခံပြည်သူများရဲ့ကားများ၊ ဆိုင်ကယ်များ၊ နွားလှည်းများနှင့် ကျောင်းသူကျောင်းသားများ နေ့စဉ်နှင့်အမျှ အမြဲဖြတ်သန်းသွားလာနေရတဲ့အတွက် စိုးရိမ်ရတဲ့အန္တရာယ်နဲ့နီးကပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

သို့ဖြစ်ပါ၍ ယင်းမာပင်မြို့နယ် ဆင်စွယ်ကျေးရွာ၊ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာ တောင်မ-ရိုးချောင်းကူးတံတားကို သံကူကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာ တောင်မ-ရိုးချောင်းကူးတံတား သည် မုံရွာ-ပုသိမ်-ဂန့်ဂေါလမ်းမကြီးနှင့် ဆက်သွယ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ရင်ပေါင်တိုင်-ဆင်စွယ်လမ်းမပေါ်တွင် တည်ရှိ၍ ဆင်စွယ်တောင်ရွာနှင့် မြောက်ရွာကို ဆက်သွယ်ထားသည့်တံတားဖြစ်ပါတယ်။ တံတား၏ လက်ရှိ အခြေအနေမှာ အုတ်ခုံခံသစ်သားတံတားဖြစ်ပြီးတော့ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်မ-ရိုးချောင်းကူးသံကူကွန်ကရစ် တံတား တစ်စင်းတည်ဆောက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီးတော့ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**လှိုင်သာယာမြို့နယ်အတွင်း အဓိကလမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က လှိုင်သာယာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်အတွင်း မှာရှိတဲ့ အဓိက Main လမ်းမကြီးများဖြစ်သော ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ညောင်တုန်းလမ်း၊ အနော်ရထာလမ်း၊ ရွှေပြည်သာတံတားချဉ်းကပ်လမ်း စသည့်လမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ၎င်းလမ်းမကြီးများကို အဆင့်မီပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာ စက်မှုဇုန်များ ရှိပြီး စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းလည်ပတ်နိုင်ရန်နှင့် ထုတ်ကုန်၊ သွင်းကုန်များဆောင်ရွက်နိုင်ရန် အတွက် ကုန်သေတ္တာတင်ယာဉ်ကြီးများ သွားလာမောင်းနှင်ကြပါတယ်။ ထို့အတူပါပဲ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကုန်စည်များ ပို့ဆောင်ဆက်သွယ်နိုင်ရန်အတွက် ကုန်စည် ယာဉ်များလည်း ၎င်းလမ်းမကြီးများကို အဓိကထားပြီး သွားလာနေရပါတယ်။ ၎င်းလမ်းမကြီးများ

သည် ကုန်သေတ္တာယာဉ်များ၊ ကုန်တင်ယာဉ်များ အများဆုံးမောင်းနှင်ကြသဖြင့် ယခုအခါ ပျက်စီးနေပြီဖြစ်ပါတယ်။ ၎င်းပျက်စီးနေသောလမ်းမများကို မိုးမကျခင်က တစ်ခါပြင်ပါတယ်။ မိုးကုန်သွားတဲ့အခါမှာလည်း ဖာထေးပြီး တစ်ခါပြုပြင်ကြပါတယ်။ လမ်းမကြီးများကို ပြင်ဆင်ပြီး မကြာခဏပြန်လည်ပျက်စီးနေခြင်း၊ နှစ်စဉ်နှစ်တိုင်း ထိုကဲ့သို့ ပျက်မြဲ၊ ပြင်မြဲ၊ ပြုပြင်မြဲဆောင်ရွက်နေခြင်းဟာလည်း နည်းပညာအားနည်းခြင်းလား။ ဒီဇိုင်းအားနည်းခြင်းတို့ကြောင့်လား။ ဖြစ်ပေါ်ရခြင်းဖြစ်ပါတယ်။ လမ်းပြင်ဆင်သူ ကြီးကြပ်သူအင်ဂျင်နီယာများ၊ တာဝန်ခံများကလည်း မိမိတို့ပြင်ဆင်သည့်လမ်းပိုင်းအား လုပ်ငန်းစတင်မည့်အချိန်၊ လုပ်ငန်းပြီးဆုံးမည့်အချိန် စသည်တို့ကို သတ်မှတ်ဆောင်ရွက်ခြင်းမရှိပါဘူး။ စသည့်အားနည်းချက်များကြောင့် နိုင်ငံ့ဘဏ္ဍာငွေများ နှစ်စဉ် လမ်းပြင်ဆင်ရန်အတွက် အမြောက်အမြားသုံးစွဲနေသော်လည်း လမ်းမများသည် ပျက်မြဲပျက် ပြင်မြဲဖြစ်ပြီး လမ်းပြင်ဆင်သည့်အားနည်းချက်များကြောင့် နိုင်ငံ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးစေပါတယ်။ လမ်းခင်းပစ္စည်းတို့၏ အရည်အသွေးတို့သည်လည်း အလွန်အရေးကြီးပြီး စနစ်တကျစံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်မှသာလျှင် စံချိန်စံညွှန်းပြည့်မီသောလမ်းတစ်ခုဖြစ်နိုင်မှာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာမြို့နယ်အတွင်းရှိ အဓိက Main လမ်းမကြီးများဖြစ်သော ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ညောင်တုန်းလမ်း၊ အနော်ရထာလမ်း၊ ရွှေပြည်သာတံတားချဉ်းကပ်လမ်း စသည့်လမ်းမကြီးများကို အဆင့်မီပြုပြင်ပေးရန်အတွက် လမ်းမကြီးများကို စံချိန်မီပြန်လည်ပြုပြင်ခြင်း၊ လူသွားစင်္ကြံပလက်ဖောင်းများနှင့် လမ်းမများပေါ်တွင် ရေမတင်စေရန်အတွက် ရေနုတ်မြောင်းများတစ်ပါတည်း ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးပြီး စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းမှ မေးမြန်းထားတဲ့ လှိုင်သာယာမြို့နယ်အတွင်း အဓိကလမ်းမကြီးများသည် ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်း (ဘုရင့်နောင်တံတားချဉ်းကပ်လမ်း) ၅ မိုင် ၄ ဖာလုံ၊ ရန်ကုန်-ညောင်တုန်းလမ်း (အောင်ဇေယျတံတားချဉ်းကပ်ကမ်း) ၃ မိုင် ၂ ဖာလုံ၊ အနော်ရထာလမ်းမကြီး (ရွှေပြည်သာတံတားချဉ်းကပ်လမ်း) ၄ မိုင် ၆ ဖာလုံတို့သည် Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့သောလမ်းများဖြစ်ပါတယ်။ အဆိုပါတံတားချဉ်းကပ်လမ်းသုံးလမ်းပျက်စီးမှုနှင့်

ပတ်သက်၍ Oriental Highway Co.,Ltd က B.O.T စာချုပ်ပါစည်းကမ်းချက်များအတိုင်း ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပြီးတော့ လမ်းဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါတံတားချဉ်းကပ်လမ်းသုံးလမ်း စုစုပေါင်းလမ်း မိုင်အရှည် ၁၃ မိုင် ၄ ဖာလုံသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျရောက် လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းသဘောတူညီချက်အရ Oriental Highway Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာနသို့ ၁၆-၁-၂၀၁၈ ရက်နေ့မှာ B.O.T ဆောင်ရွက်ခြင်းမှ ပြန်လည်အပ်နှံခဲ့ပြီးတော့ လမ်းဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ ၁၉-၁-၂၀၁၈ ရက်နေ့တွင် အဆိုပါလမ်းများအားလုံးကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆိုပါလမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တာဝန်ပေးအပ်ထားပြီးတော့ အလျင်အမြန် ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ပင်းတလဲ-မိတ္ထီလာကားလမ်းပေါ်ရှိ ပျက်စီးနေသောသင်ပုန်းချောင်းရေကျော်ကို ပြန်လည်ပြုပြင်ပေးရန် နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ရှိသူများအား မည်သို့စီမံဆောင်ရွက် ပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ဝမ်းတွင်းမြို့နယ်ထဲမှာရှိတဲ့ ပင်းတလဲ-မိတ္ထီလာ ကားလမ်းပေါ်မှာ ရှိတဲ့ ပျက်စီးနေသော သင်ပုန်းချောင်းရေကျော်ကို ပြန်လည်ပြုပြင်ပေးရန်နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော တာဝန်ရှိသူများအား မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မေးမြန်းရခြင်းအကြောင်းကတော့ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲကျေးရွာ၊ မိတ္ထီလာနဲ့ဆက်သွယ်ထားတဲ့ ကတ္တရာလမ်းပေါ်မှာ သင်ပုန်းချောင်းရှိပါတယ်။ လမ်းခရီးသွားလာရေး လွယ်ကူစေရန်အတွက် သင်ပုန်းချောင်းကို ဖြတ်ကျော်လာနိုင်အောင် ကွန်ကရစ်ရေကျော်ကို မြို့နယ် စည်ပင်သာယာနဲ့ အလှူရှင်များက စတင်ပြီးတော့တည်ဆောက်ခဲ့ပါတယ်။ အဲဒီရေကျော်ပျက်စီး သွားတဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာငွေမှ ကျပ်သန်း ၂၁.၂၉၃ သန်း ဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ယူပြုပြင်ခဲ့ပါတယ်။ အဲဒီလိုပြုပြင်ပြီး တစ်နှစ်အတွင်းမှာပဲ ပျက်စီးသွားတဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းရန်ပုံငွေဘတ်ဂျက်ကနေ သန်း ၂၀ နဲ့ ခရိုင် ကျေးလက်ဦးစီးဌာနကနေ ဆက်လက်ပြီးတာဝန်ယူပြုပြင်ခဲ့ပါတယ်။ အဲဒီတော့ ပြုပြင်တဲ့အခါမှာလည်း

တစ်နှစ်အတွင်းမှာပဲ ပြန်လည်ပြီးတော့ ပျက်စီးသွားပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေတွေ အမြောက်အမြားအကုန်အကျခံပြီး သွားရေးလာရေးလွယ်ကူစေရန် ရေကျော်လုပ်ငန်းကိုပြုပြင်ပေးခဲ့ ပေမယ်လို့ ခိုင်ခန့်မှုမရှိဘဲနဲ့ တည်ဆောက်တာတွေဟာ တစ်နှစ်အတွင်းထပ်မံပျက်စီးတဲ့အတွက် ရေကျော်တည်ဆောက်ရေးကိုလုပ်ကိုင်တဲ့ ကျေးလက်ဦးစီးဌာနများ တာဝန်ယူရန်လိုအပ်မယ်လို့ ကျွန်တော်ဖြစ်တယ်လို့ ယူဆပါတယ်။ နိုင်ငံတော်ဘတ်ဂျက်မှ ၄၁၃ သိန်းခန့်ဟာ အဟောသိကံဖြစ်ခဲ့ရတဲ့အနေအထားပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန်တောင်းခံအပ်ပါတယ်။ ဒါကတော့ ဒီဘက် ကျန်နေခဲ့တဲ့ မပျက်စီးဘဲကျန်တာကို အဓိကရိုက်ထားတဲ့ အနေအထားပါ။ ရေကျော်တည်ဆောက်တဲ့နေရာမှာ အောက်မှာကျောက်တွေနဲ့ ကွန်ကရစ်နဲ့စီတဲ့နေရာမှာ အပြည့်မစီ ဘဲနဲ့ သူတို့ခိုထားတယ်လို့ယူဆရတာပေါ့။ ဆောက်လုပ်တဲ့နေရာမှာ။ သဲတွေထည့်တော့ အဲဒီသဲတွေက လှိုက်စားပြီး ပြတ်ကျတဲ့နေရာမှာ လှိုင်ခေါင်းတွေဖြစ်တဲ့အနေအထားကိုကြည့်ခြင်းအားဖြင့် ဒါသိသာ ပါတယ်။ အောက်မှာကျောက်အပြည့်စီထားခြင်းမရှိပါဘူး။ ဟိုဘက်အစွန်ဆုံး ဘယ်ဘက်အစွန်ဆုံးက အနေအထားကိုပြတာကတော့ ရေကျော်ဟာ ရေတားသဖွယ်ဖြစ်နေတာကို ကျွန်တော်ပြတာပါ။ ရေကျော်သည် အမှန်တကယ်ကတော့ မြေပြင်နဲ့အညီ အောက်မှာပဲရောက်ရင်ရောက်နေရမှာပါ။ အခုတော့ ကျွန်တော်တို့ မြေပြင်ပေါ်မှာ လူတစ်ထိုင်စာခန့်လောက် အပေါ်မှာရောက်နေတဲ့အတွက် ရေတားသဖွယ်ဖြစ်တယ်။ ဒါကတော့ စောစောကပြောသလိုပဲ ရေကျော်ဟာ လူတစ်ထိုင်စာလောက် အပေါ်မှာမြင့်နေတဲ့အနေအထားပါ။ ကျွန်တော်တို့ ဘာလဲဆိုတော့ ရေကျော်ဟာ အောက်ဘက်ကို ဆင်းသွားတဲ့အခါမှာလည်း လူတစ်ထိုင်စာလောက်မြင့်နေတဲ့အတွက် အောက်ကလှိုက်စားခြင်းခံရပြီး တော့ အောက်ခံကလည်း အမာခံတွေမရှိတဲ့အတွက် ပြိုကျပျက်စီးနေတဲ့အနေအထားပါ။ သို့ဖြစ်ပါ၍ ပင်းတလဲ-မိတ္ထီလာကားပေါ်မှာရှိတဲ့ ပျက်စီးနေတဲ့ သင်ပုန်းချောင်းရေကျော်ကို ပြန်လည်ပြုပြင်ပေးရန် နဲ့ ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော ခရိုင်/မြို့နယ်/ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူ များကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးမေးမြန်းထားတဲ့ ပင်းတလဲ-မိတ္ထီလာကားလမ်းပေါ်ရှိ ပျက်စီးနေသောသင်ပုန်းချောင်း ရေကျော်ကို ပြန်လည်ပြုပြင်ပေးရန်နှင့် ရေကျော်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ခဲ့သော ခရိုင်၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝမ်းတွင်းမြို့နယ် တောင်ဆည်ကျေးရွာအုပ်စုအတွင်းရှိ သင်ပုန်းချောင်းရေကျော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် သဖန်း-ပင်းတလဲလမ်းပေါ်တွင်တည်ရှိပြီး ၎င်းရေကျော်မှာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့တဲ့ ရေကျော်ဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကြောင့် သင်ပုန်းချောင်းရေကျော်ပျက်စီးခြင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်လည်းကောင်း ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ကမ်းပါးများပြိုကျပျက်စီးကာ ပြန်လည်ပျက်စီးခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သင်ပုန်းချောင်းရေကျော်အား ရေရှည်တွင် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပြန်လည်ကောင်းမွန်စေရန် မြေသားစမ်းသပ်ခြင်းနှင့် ရေစီးကြောင်းပိုင်းဆိုင်ရာ(Hydrological Data)တွေကို အချက်အလက်ပြုစုတိုင်းတာပြီး ကွင်းဆင်းစစ်ဆေး၍ ကောင်းမွန်တဲ့ Design ပုံစံထုတ်ယူတွက်ချက်စေပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတိုင်မီမှာ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရေကျော်ပျက်စီးမှုနှင့်ပတ်သက်ပြီးတော့ ယခင်တာဝန်ယူဆောင်ရွက်ခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာခရိုင်/မြို့နယ်တာဝန်ရှိသူများအား စိစစ်အရေးယူဆောင်ရွက်သွားရန်အတွက် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်မောင်စိုး(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ သဘာဝဘေးဒဏ်ကြောင့်ပျက်စီးတယ်ဆိုလို့ရှိရင် သင်ပုန်းချောင်းမှာပဲ မိတ္ထီလာနဲ့မလှိုင်ဘက်ကိုသွားတာ။ အဲဒီကအရင်ဖြတ်ရပါတယ်။ အဲဒီရေကျော်ကျတော့ တစ်ကြိမ်တစ်ခါမှ ပျက်စီးခြင်းမရှိပါဘူး။ ကျွန်တော်တို့ဝမ်းတွင်းမြို့နယ်ကျမှပဲ သဘာဝဘေးအန္တရာယ်လို့ပြောလို့ရှိရင်တော့ အဲဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော့်စိတ်ထဲမှာ မရှင်းလင်းဘူးပေါ့။ အဲဒါလေးကို ပြန်လည်ဖြေကြားပေးပါ။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက Power Point ကိုကြည့်လိုက်တာနဲ့ပဲ အဲဒီနေရာမှာ Design မှားနေတယ်ဆိုတာ ချက်ချင်းသိရှိပါတယ်။ တကယ်တော့ ရေကျော်လုပ်တယ်ဆိုလို့ရှိရင် ရေကျော်လုပ်တာက ခုနက Design မှာက Upstream ရေလာရာဘက်ကို ဆင်ခြေလျှောလေးပေးထားတာတွေ့ရပါတယ်။ ဒီဘက်ရေပြန်ကျော်သွားမယ့်နေရာလည်းကျရော သူကဂရုမစိုက်တော့ဘဲနဲ့ ဒီတိုင်းကြီးအကျော်ခံလိုက်တဲ့အချိန်မှာ Backward ပိတ်ပြီးတော့ အောက်ထဲကို ကလိုင်ကြီးဖြစ်ပြီးတော့ ပျက်စီးသွားတော့ ကျွန်တော်တို့ဝန်ကြီးဌာနက

လုပ်တာမဟုတ်ပေမဲ့ ဒီဟာသည် Design မှားယွင်းတာပါခင်ဗျား။ ခုနက ကိုယ်စားလှယ်တော်ကြီး ပြောတဲ့ မိတ္ထီလာ၊ မလှိုင်ကြားထဲက မပျက်စီးဘူးဆိုတဲ့နမူနာပေးတာက ကျွန်တော်တို့ Design လုပ်ခဲ့ပါတယ်။ ဒါကြောင့် အလာကိုလည်း ခေါ်ပြီးတော့ Slope ပေးခဲ့တယ်။ အဆင်းမှာလည်းခေါ်ပြီး တော့ Slope နဲ့ခေါ်ပြီးပြန်ဆင်းသွားတော့ Backward မမေ့ပါဘူး။ ဒါကြောင့်မို့လို့ ဒီနေရာမှာ Upstream နဲ့ Downstream မျှပြီးတော့၊ ခေါ်ယူပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးသွားပါမယ်။ ဒါကြောင့်မို့လို့ ဒီဖြစ်စဉ်တွေကိုလည်းပဲ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို အကြောင်းကြားစာပေးပို့ပြီးတော့ကျမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒါဆိုရင်လည်းအဖြေကရှင်းပါတယ်။ သဘာဝဘေးအန္တရာယ်မှမဟုတ်ဘဲ Design မှားလို့ဖြစ်တဲ့ကိစ္စပဲ။ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပါတယ်ဆိုတော့ နောက်ဆက်တွဲ မေးတော့ခက်တယ်လေ။ ခက်တဲ့အခါကျ ပြန်ဖြေတော့လည်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်တာ ကို Design မှားလို့ဖြစ်တာဖြစ်။ အဲဒါလေးတွေကိုတော့ ဝန်ကြီးဌာနအနေနဲ့က အစတည်းက မေးတဲ့ မေးခွန်းကို ကြိုတင်ရှင်းရှင်းလင်းလင်းဖြေရင် ပိုပြီးတော့အဆင်ပြေနိုင်ပါတယ်။

**ပေါက်တောမြို့နယ်၊ မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းတွင် မပြီးမပြတ်ကျန်ရှိနေခဲ့သောအပိုင်းနှင့်စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးပါရန်နှင့် ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို ရိုသေစွာ ဂါရဝပြုပါ တယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပေါက်တောမြို့နယ်၊ မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ- ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေနှစ်ရပ်ပေါင်း သန်းပေါင်း ၁၈၃၂.၅ သန်းဖြင့် ဖောက်လုပ်ခဲ့ရာတွင် မပြီးမပြတ်ကျန်ရှိခဲ့တဲ့အပိုင်းများနှင့်စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးရန်နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ ရည်ရွယ်ချက်ထဲမှာ အချက်(၃)ချက်ရှိပါတယ်။ ပထမရည်ရွယ်ချက်ကတော့ တာဝန်မကျေတဲ့ပုဂ္ဂိုလ် များကို ထိရောက်စွာအရေးယူဖို့ဆိုတဲ့ဥစ္စာ ကျွန်တော့်မေးခွန်း Letterhead ထဲမှာ ပါပြီးဖြစ်ပါတယ်။ ဒုတိယ ရည်ရွယ်ချက်ကတော့ မပြီးစီးသေးတဲ့အပိုင်းကို ပြီးစီးအောင်လုပ်ပေးဖို့ဆိုတဲ့အပိုင်း ပါပါတယ်။ တတိယအချက်ကတော့ ပင်လယ်နားနီးပြီး မိုးကြီးတဲ့ဒေသဖြစ်တဲ့အတွက် တစ်ဆင့်မြင့်ပြီးရင် ကျောက်ချောလမ်းလုပ်ပေးဖို့ဆိုတဲ့အချက် (၃)ချက်ပါပါတယ်။ ကျွန်တော် တင်ပြပါလမ်းကို ၂၀၁၅-

၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ခုနပြောတဲ့အတိုင်းပဲ သန်းပေါင်း ၁၈၃၂ သန်းနဲ့ ဆောက်လုပ်ရေး ကုမ္ပဏီနှစ်ခုကို လမ်းအပိုင်းအလိုက် ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ဒီလမ်းတွေမှာ အကျယ်အားဖြင့် ၁၈ ပေ၊ အမြင့်က ၂ ပေ၊ အရှည်(အဖြောင့်)က ၂၂ မိုင် ၇ ဖာလုံနဲ့ ကန့်လန့်ဖြတ်က ၃ မိုင် အားလုံးပေါင်း ၂၅ မိုင် ၇ ဖာလုံရှိပါတယ်။ အဲဒီလမ်းကို ခင်းတဲ့နေရာမှာ Estimate ပါအတိုင်း ၁ ပေ ခင်းပြီးတိုင်း Roller ကြိတ်မယ်၊ ရေဖြန်းမယ် စသည်အားဖြင့် လုပ်ရမယ့်ဥစ္စာကို တစ်ကြိမ်မှမလုပ်ခဲ့ပါ ဘူး။ Roller ကြိတ်ဖို့နေနေသာသာ Roller ဟာ အဲဒီမြေငှကျွန်းလို့ခေါ်တဲ့ကျွန်းပေါ်ကို ရောက်မလာခဲ့ ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ Power Point မှာပြတဲ့အတိုင်း ဖြစ်ချင်တိုင်းဖြစ်နေတာကို တွေ့ရပါ တယ်။ Power Point ပြပါ။ ဒါကတော့ ကျွန်တော်တို့ ပေါက်တောမြို့နယ်မြေပုံ ဖြစ်ပါတယ်။ အဲဒီ ကျွန်တော် ညွှန်းဆိုတဲ့လမ်းကတော့ ဒီ အစွန်ဆုံးကကျွန်းလေးမှာ အရှည်လိုက်ဖြစ်ပါတယ်။ အားလုံး ၂၅ မိုင် ၇ ဖာလုံရှိပါတယ်။ အဲဒီလမ်းကို အစကတော့ သဲခုံလို့ခေါ်တဲ့ရွာကစပြီး အဆုံးမှာ ဆံတော်ရှင်မှာ ဆုံးပါတယ်။ ကျွန်တော်တို့ ဆံတော်ရှင်ဘုရားဟာ အင်မတန်တန်ခိုးကြီးတဲ့ဘုရား ဖြစ်ပါတယ်။ အဲဒီ ကုမ္ပဏီနှစ်ခုမှာ ဦးသန်းနိုင်နှင့်မိသားစုကုမ္ပဏီတစ်ခုပါပါတယ်။ သူ့အနေအထားတွေကတော့ သိပ်တော့မဆိုးပါဘူး။ မြင်ရတဲ့အတိုင်း Culvert တွေ၊ RC တံတားတွေပါပါတယ်။ နောက် ရိုးမမြေ ကုမ္ပဏီကလုပ်တဲ့အပိုင်းကတော့ တော်တော်လေးဆိုးရွားပါတယ်။ အများဆုံး ဘန်ကာပျက်တာဖြစ်ပါ တယ်။ ပျက်စီးပုံအနေအထားကို ကြည့်လိုက်ရင်တော့ မြင်တဲ့အတိုင်းပါပဲ။ ကျွန်တော် ဘယ်ဒေသ၊ ဘာညာ မပြောတော့ပါဘူး။ ဒီ မြင်ရတဲ့ပုံကတော့ နောက်ဆုံး ဘုရားကုန်းပေါ်ကိုတက်တဲ့ပုံဖြစ်ပါတယ်။ အငှားယာဉ်လိုက်သူများ၊ ကားရော၊ ဆိုင်ကယ်ရော တက်ရန်လမ်းကြမ်းမယ့်သဘောရှိပါတယ်။ ချုံနွယ် ကလည်း ပိတ်မှောင်နေတော့ ဘုရားဖူးပုဂ္ဂိုလ်များ ချုံတောတိုးရမယ့်အခြေအနေရှိပါတယ်။ အဲဒီလောက် ဆိုးရွားပါတယ်။ ကျွန်တော် ခုနအစီရင်ခံခဲ့တဲ့နေရာဟာ ပေါက်တောမြို့နယ်အတွင်းမှာ ကျရောက်သော်လည်းပဲ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နဲ့ နီးကပ်စွာတည်ရှိပါတယ်။ ကုလားတန်မြစ်ဝ ကိုဖြတ်၍ ရေယာဉ်ဖြင့်သွားလျှင် နာရီဝက်ခန့်သွားလျှင် ရောက်ပါတယ်။ လိုင်းအစပိုင်း သဲခုံကနေ အဆုံးပိုင်း ဆံတော်ရှင်စေတီတော်အထိ ရောက်ပါတယ်။ ဆံတော်ရှင်စေတီတော်ဆိုရင် ပုသိမ်မော်တင်စွန်းစေတီကဲ့သို့ ပင်လယ်ကမ်းစပ် တောင်ကုန်းပေါ်မှာတည်ရှိပြီးတော့ အလွန်ကြည်ညို ဖွယ်ကောင်းပါတယ်။ လှိုင်းလေအငြိမ်သက်ဆုံးကာလ နတ်တော်လပြည့်နေ့မှာ နှစ်စဉ် ဘုရားပွဲတော် ကျင်းပလေ့ရှိပါတယ်။ Gazette ဝင်ဘုရားလည်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရပ်ရပ်မှ ဘုရားဖူး ဧည့်သည်များ သိန်းချီပြီးလာရောက်လို့ အလွန်စည်ကားပါတယ်။ တစ်ဖက်မှကြည့်ရင်လည်း ကမ်းခြေ မှာရှိတဲ့အုန်းတောတွေနဲ့ ပင်လယ်ပြင်တို့ဟာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်ဖို့ အင်မတန် အခွင့်အရေးသာတဲ့နေရာဖြစ်ပါတယ်။ ကမ်းခြေတစ်လျှောက် ရွာပေါင်း(၁၁)ရွာမှာ လူတွေရှိတဲ့အခါမှာ အဓိကလုပ်တဲ့လုပ်ငန်းကတော့ ရေလုပ်ငန်းဖြစ်ပါတယ်။ ဒေသခံများရဲ့ ပညာရေး၊ ကျန်းမာရေး၊ ရေထွက်ပစ္စည်းတင်ပို့ရောင်းချရေးအတွက် ဤလမ်းဟာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## မေးခွန်းအမှတ် (၃) ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ မေးမြန်းထားတဲ့ ပေါက်တောမြို့နယ် မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ- ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေ နှစ်ရပ်ပေါင်း ကျပ် ၁၈၃၂.၅ သန်းဖြင့် (၂ ပေ x ၁၈ ပေ x ၂၂/၇ မိုင်) အတိုင်းအတာရှိလမ်းဖောက်လုပ်ခဲ့ရာတွင် မပြီးမပြတ်ကျန်ရှိနေခဲ့သောအပိုင်းနှင့် စပ်လျဉ်း၍ မည်သည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းတွင် တာဝန်ရှိကြောင်း စိစစ်ဖော်ထုတ်ပေးပါရန်နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်တောမြို့နယ်၊ မြေငူကျွန်း ပင်လယ်ဘက်ခြမ်းရှိ သဲခုံ-ဆံတော်ရှင်မြေသားလမ်းအရှည် ၂၂ မိုင် ၇ ဖာလုံသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(မွမ်းမံ)ရန်ပုံငွေနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေနှစ်ရပ်ပေါင်းပြီး သန်းနိုင်မိသားစု ကုမ္ပဏီနှင့် ရိုးမမြေကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအနက် ရိုးမမြေကုမ္ပဏီမှ သဲခုံ-ဆံတော်ရှင်လမ်းပေါ်ရှိ (၁၀၀ ပေ x ၁၄ ပေ) သံကူကွန်ကရစ်တံတားတစ်စင်း၊ (၆၀ ပေ x ၁၄ ပေ)သံကူကွန်ကရစ်တံတားနှစ်စင်း၊ (၃၀ ပေ x ၁၄ ပေ) သံကူကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert (၃၇)စင်းတို့အား ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သိရှိရသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစိစစ်ခဲ့ပြီးတော့ စိစစ်ချက်များနှင့်အတူ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှတစ်ဆင့် ၃-၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇)သို့တင်ပြ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်အရ ရိုးမမြေကုမ္ပဏီအား ခေါ်ယူတွေ့ဆုံပြီး လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်တာဝန်ခံဦးဆောင်သောအဖွဲ့ဝင် လေးဦးပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၁၀-၂-၂၀၁၈ ရက်နေ့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက် များအရ ရိုးမမြေကုမ္ပဏီသည် လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် စာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကုမ္ပဏီအား ထိရောက်စွာအရေးယူသင့်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ယခင်တာဝန်ယူဆောင်ရွက်ခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စ၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး သဲခုံ-ဆံတော်ရှင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို

ပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေးအတွက် မြေပြင်တွင် စစ်ဆေးလေ့လာ၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာသို့သွားသော ကျေးရွာချင်းဆက်လမ်းအရှည် (၈)မိုင်မှ ကျန်ရှိနေသော(၆)မိုင်အား ကျောက်ချောလမ်းအဖြစ် ခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ဒီနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ မေးမြန်းလိုတဲ့ကြယ်ပွင့်ပြမေးခွန်းကတော့ ဒိုက်ဦး မြို့နယ်၊ ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာသို့သွားသော ကျေးရွာချင်းဆက်လမ်းအရှည်(၈)မိုင်မှ ကျန်ရှိနေသော (၆)မိုင်အား ကျောက်ချောလမ်းအဖြစ်ခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်း ဆက်သွယ်ရေးဟာ အဓိကအရေးကြီးသောကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာငယ်မှအစ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်လည်း လမ်းကောင်းဖို့ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် လက်ရှိဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ လမ်းတံတားများကို စီမံချက်များရေးဆွဲပြီး ဆောင်ရွက်နေတာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမြို့နယ်ဟာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုနှင့်ဖွဲ့စည်း ပြီး ကျေးရွာပေါင်း ၁၈၂ ရွာဖြင့် တည်ဆောက်ခဲ့ပါတယ်။ မြို့နယ်ရဲ့ဧရိယာအကျယ်အဝန်းဟာ ၄၉၇.၀၃ စတုရန်းမိုင်ရှိပြီး တောင်နှင့်မြောက် ၂၅ မိုင်ခန့်ကွာဝေးပြီး အရှေ့နဲ့အနောက် မိုင် ၃၀ ခန့် ကွာဝေးပါ တယ်။ လက်ရှိကျွန်တော်မေးမြန်းတဲ့လမ်းဟာ ဒိုက်ဦးမြို့ရဲ့တောင်ဘက် ၉ မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၇၆ မှာတည်ရှိပါတယ်။ ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာမကျေးရွာမှ ဘောနီကျေးရွာအထိ ဘောနီဆည်ကိုသွားသော လမ်းမကြီးလည်းဖြစ်ပါတယ်။ ၎င်းလမ်းမကြီးကို န.ဝ.တ၊ န.ယ.ဖ အစိုးရလက်ထက်ကတည်းက စတင်ဖောက်လုပ်ခဲ့ပြီး ၆၉ စကျင်ကျောက်များဖြင့် ခင်းထားပြီး အမာခံရထားသောလမ်းမကြီးလည်း ဖြစ်ပါတယ်။ လမ်းသစ်နဲ့ လမ်းဟောင်းကို ဆက်သွယ် ထားသော လမ်းမကြီးလည်း ဖြစ်ပါတယ်။ ထိုလမ်းမကြီးတစ်လျှောက်မှာ ကတုတ်ရွာမကျေးရွာ၊ ပျဉ်းမလွင်ကျေးရွာ၊ ဥဒေါင်းစုကျေးရွာ၊ တညင်တပင်ကျေးရွာ၊ ဗျိုင်းခြေကျေးရွာများနှင့် ပျဉ်တောင်းတွင်းကျေးရွာ၊ ဘောနီကျေးရွာများလည်း ရှိပါတယ်။ ထို့အတူ ၎င်းကျေးရွာများမှ ဒေသခံ ပြည်သူများအနေဖြင့် လမ်းကြမ်းကြမ်းကို နှစ်ပေါင်းများစွာ ခါးစည်းရင်ဆိုင်ခဲ့ရသည်မှာ ယနေ့ထက်

တိုင်ပဲ ဖြစ်ပါတယ်။ နွေရာသီမှာ ဖုန်တလုံးလုံး၊ မိုးရာသီမှာ ရွှံ့ဗွက်ရုန်းနေရပါတယ်။ ကားဆိုတာ ဝေးလာဝေး၊ ဆိုင်ကယ်၊ စက်ဘီးသွားဖို့ မလွယ်တဲ့အဖြစ်မျိုးနဲ့ ကြုံလာခဲ့ပါတယ်။ လမ်းဖောက်ပြီးလို့ ဝမ်းသာလို့မဆုံးခင်မှာ စီမံချက်က ပြန်လည်ပျက်ပြယ်ခဲ့ပါတယ်။ ကျေးရွာခုနစ်ရွာမှာရှိတဲ့ ဒေသခံ ပြည်သူပေါင်း ၁၂၀၀၀ ကျော်၊ အိမ်ခြေ ၃၀၀၀ ကျော်တို့ဟာ နှစ်စဉ်နှစ်တိုင်း လမ်းရဲ့ဆိုးကျိုးကို ခံစား နေရဆဲပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ထိုလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးမည်ဆိုသော ကြောင့် ဝမ်းသာခဲ့မိပါတယ်။ ဒါပေမဲ့လည်း ဝမ်းသာလို့မဆုံးခင်မှာ ကြားမိတာက ၂ မိုင်သာခင်းပေး နိုင်ခဲ့ပါတယ်။ လမ်းအရှည် ၈ မိုင်ကျော်ရှိတဲ့အနက် ၂ မိုင်သာခင်းပေးသောကြောင့် တောမရောက်၊ တောင်မရောက်လမ်းဖြစ်နေခဲ့ပါတယ်။ သို့ပါသောကြောင့် ထိုလမ်းမှာရှိတဲ့ ကျန်ရှိနေတဲ့ ၆ မိုင်ကို ခင်းပေးမည်ဆိုပါက ကုန်စည်ထုတ်လုပ်မှု၊ စီးဆင်းမှု ကောင်းမွန်ပြီး လူမှုကိစ္စအဝဝအဆင်ပြေပြီး ဆက်သွယ်ရေးလမ်းကောင်းမှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် နှစ်ရှည်လများ လမ်း၏ဆိုးကျိုးကို ခါးစည်းခံခဲ့ရသော ဒေသခံမဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာမကျေးရွာမှ ဘောနီ ကျေးရွာသို့သွားသော ကျေးရွာချင်းဆက်လမ်းအရှည်(၈)မိုင်တွင် ကျောက်ချောလမ်း(၂)မိုင်သာရှိပြီး ကျန်ရှိသော(၆)မိုင်အရှည်အား ကျောက်ချောလမ်းအဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကတုတ်ရွာမမှ ဘောနီကျေးရွာချင်းဆက်လမ်းအရှည် (၉)မိုင်သည် ရန်ကုန်-မန္တလေး(လမ်းဟောင်း)နှင့်ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်း၏လက်ရှိအခြေ အနေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရှိုင်းထက်ဇော်ကုမ္ပဏီမှ ကျောက်ခင်းလမ်း ၂ မိုင်ဆောင်ရွက်ခဲ့ပြီးတော့ မြေသားလမ်း ၇ မိုင်ကျန်ရှိပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းမှ ကျန်ရှိသည့် ၇ မိုင်အနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၁ မိုင် ၅ ဖာလုံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၄.၄ ဖာလုံ စုစုပေါင်း ၂ မိုင် ၁.၄ ဖာလုံ ဆောင်ရွက်ရန် လျာထားတင်ပြထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမြို့နယ်အတွင်းရှိ ကတုတ်ရွာမမှ ဘောနီကျေးရွာချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)တွင် ပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ကျန်ရှိနေတဲ့လမ်းပိုင်းများအား ရန်ပုံငွေဆက်လက်လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့်ပတ်သက်လို့ ကျွန်တော်ဒီမှာ အလျဉ်းသင့်လို့ လွှတ်တော်ကို တင်ပြပါမယ်။ ပြီးခဲ့တဲ့ ၁၅ ရက်နေ့က (ကြာသပတေးနေ့)က ကျွန်တော်တို့ မေးခွန်းအမှတ်စဉ် ၅(ဃ)စာရင်းမှာပါပြီးတော့ မေးခွန်းမေးခွင့်မရလိုက်ပါဘူး။ မေးခွန်းမေးခွင့်မရလိုက်တာက မေးခွန်းမှာပါတဲ့ ကန့်သတ်ချက်၊ စည်းကမ်းချက်၊ ဥပဒေ၊ နည်းဥပဒေနှင့်မညီလို့မရတာပါ။ အဲဒီတော့ ဒီမေးခွန်းဟာ အစီအစဉ်မှာပါပြီးပြီ။ လွှတ်တော်ကျင်းပခါနီးအချိန်ကျတော့ ကျွန်တော်တို့ လွှတ်တော်ထဲ ကကိုယ်စားလှယ်တစ်ယောက်က စောစောစီးစီးကြိုမြင်ပြီးတော့ ဒါကို ကန့်ကွက်ဖို့အစီအစဉ်ရှိပါတယ်။ ရှိတဲ့အခါကျတော့ ကျွန်တော့်ဆီရောက်တယ်။ ကျွန်တော့်ဆီရောက်တော့ ကျွန်တော့်အနေနဲ့ ပြန်ကြည့်လိုက်တဲ့အခါမှာ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်မညီလို့မပေးခဲ့ဘူး။ သို့သော် လည်းအဲဒီနေ့မှာကျွန်တော်က ဒီလို ဒီလိုရှိလို့ မပေးပါဘူးလို့ ကျွန်တော်မပြောဘူး။ ဘာဖြစ်လို့လဲဆိုတဲ့ အခါကျတော့ အော် မေးခွန်းရှင်ရဲ့ ဂုဏ်သိက္ခာ၊ နောက်တစ်ခါ ကန့်ကွက်တဲ့သူကိုလည်း ဂုဏ်သိက္ခာ မပြောချင်လို့ ကျွန်တော် မရှင်းပြခဲ့ဘူး။ သို့သော်လည်း ဒီမေးခွန်းကို အကျိုးအကြောင်းမသိတဲ့အခါ ကျတော့ ကာယကံရှင်ကောဖြစ်ကောင်းဖြစ်မယ်။ ကျန်တဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေထဲက လည်းဖြစ်ကောင်းဖြစ်မယ်။ မီဒီယာတွေနဲ့တွေ့တဲ့အခါမှာ ဘာကြောင့်မပေးလဲမသိဘူးဆိုပြီး ဒီလိုပဲ ဖြေကြပါတယ်။ ကျွန်တော်တို့ဆီက ကိုယ်စားလှယ်တွေလည်းပါပါတယ်။ ဘာ့ကြောင့်မပေးလဲမသိဘူး ဆိုတော့ ကျွန်တော်တို့ဆီကဖြေတဲ့ ကိုယ်စားလှယ်တချို့ကလည်း လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ ကို ကိုယ်မသိတာ မလေ့လာတာပေါ်ပါတယ်။ အဲဒီတော့ ဘာ့ကြောင့်မပေးလဲဆိုတဲ့အခါကျတော့ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ဖတ်ပြလိုက်ပါတယ်။ မေးခွန်းက ညောင်လေးပင်မြို့ကို ခရိုင်အဆင့် တိုးမြှင့်ရန်နှင့် ဖက်ဒရယ်စနစ်အား ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခဲ့လျှင် ညောင်လေးပင်မြို့ကို ခရိုင်အဆင့် ထည့်သွင်းရေးဆွဲရန်အစီအစဉ်ရှိ/မရှိ မေးခွန်းက အဲလိုမေးထားပါတယ်။

ခုန ကန့်ကွက်တဲ့ကိုယ်စားလှယ်ရှိလို့ ပြန်လေ့လာပြီးတော့ လွှတ်တော်ဆိုင်ရာမေးခွန်းနဲ့ ပတ်သက်တဲ့ ကန့်သတ်ချက်၊ စည်းကမ်းချက်ကို ပြန်ကြည့်တဲ့အခါ နည်းဥပဒေ ၁၄၀ (ဂ)မှာ ဥပဒေဆိုင်ရာနက်နဲသောပြဿနာများကို ဖြေရှင်းတောင်းဆိုခြင်း သို့မဟုတ် မဖြစ်ပေါ်သေးသော ကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ကြောင်း ဖော်ပြမေးမြန်းခြင်းမပြုရ။ ဒီလိုရှင်းရှင်းရေးထားပါတယ်။ ဒါဥပဒေဆိုင်ရာပြဿနာဖြစ်တာလည်းပါတယ်။ နောက်တစ်ခုက မဖြစ်ပေါ်သေးတဲ့ကိစ္စ

ဖွဲ့စည်းပုံပြင်ပြီးရင် မြို့ကိုခရိုင်ပေးဖို့ မေးထားတာပါ။ ဒါကြောင့်မို့လို့ ဒါနဲ့ငြိစွန်းလို့ ကျွန်တော် မပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကိုတော့ ကိုယ်စားလှယ်များအားလုံးကို ဒါပြန်ပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့တွေသည် လွှတ်တော်ရဲ့တာဝန်သည် ဥပဒေပြုခြင်း၊ အဆိုတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း။ အဲဒီမှာ သူ့လုပ်ငန်းစဉ်တွေမှာ ကန့်သတ်ချက်တွေ၊ စည်းကမ်းချက်တွေရှိပါတယ်။ အဲဒီကန့်သတ်ချက်၊ စည်းကမ်းချက်တွေနဲ့ညီရင် ဒါရှေ့မှာလိုပဲ ကျွန်တော်တို့ မေးခွင့်လည်းပြုတယ်။ ဆွေးနွေးခွင့်လည်းပြုတယ်။ သို့သော်လည်း အဲဒီလို မေးခွင့်၊ ဆွေးနွေးခွင့်ပြုလို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးအရ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခတ်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တက်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်အရ ဥပဒေပြုခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း လွှတ်တော်ကလုပ်ကြရပါတယ်။ အဲဒီလိုလုပ်ကြတဲ့အခါမှာ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ဆွေးနွေးတဲ့အခါမှာ ဆွေးနွေးတဲ့စည်းကမ်းချက်၊ ကန့်သတ်ချက်တွေနဲ့မညီရင် ကျွန်တော်တားမှာပဲဖြစ်ပါတယ်။ သို့သော်လည်း တချို့ဝန်ကြီးဌာနက ကျွန်တော်တို့အဲဒီလိုကိုယ်စားလှယ်တွေ အောက်ခြေပကတိမြေပြင်ဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုဆွေးနွေးတဲ့အခါမှာ ပွင့်ပွင့်လင်းလင်းပြောရရင် အနာပေါ်တုတ်ကျတာရှိပါတယ်။

အဲဒီတော့ အဲဒီလိုကိုယ်စားလှယ်တွေ ဆွေးနွေးတယ်ဆိုတာ ကိုယ်စားလှယ်ရဲ့ Parliamentary Oversight အရ Check and Balance သဘောအရ ဆွေးနွေးတာဖြစ်ပါတယ်။ အဲဒီလိုဆွေးနွေးတာကို တချို့ဝန်ကြီးဌာနအနေနဲ့ သူတို့ဝန်ကြီးဌာနကို ဝေဖန်တယ်။ ထိုးနှက်တယ်ထင်ရင် အဲဒီလိုကိုယ်စားလှယ်တွေ ဆွေးနွေးလို့မရအောင်၊ မေးမြန်းလို့မရအောင်၊ အဆိုတင်လို့မရအောင်၊ ဝေဖန်ထိုးနှက်လို့မရအောင် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန်လုပ်ဖို့လိုပါတယ်။ မှန်မှန်ကန်ကန်မလုပ်ချင်ရင်တော့ ဒီအခွင့်အရေးဟာ ကိုယ်စားလှယ်တွေမှာရှိနေပါတယ်။ ဒါက Check and Balance သဘောပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ကပေးထားတဲ့ လုပ်ပိုင်ခွင့်အာဏာပါ။ အဲဒီအာဏာကို မကျင့်သုံးစွဲစေချင်ဘူးဆိုရင် ကိုယ့်ဘက်က ကျွန်တော်ခုနကပြောသလို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း စည်းမျဉ်းစည်းကမ်းအတိုင်းလုပ်ကြဖို့ လိုပါတယ်။ ဒါကိုလည်း ကျွန်တော် အခု အဲဒီလိုဖြစ်တဲ့ တချို့ဝန်ကြီးဌာန ကို ရှင်းရှင်းလင်းလင်းအသိပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၅-၁-၂၀၁၈ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၉-၁-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှ အစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်းအတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၂၄)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ ဒီနေ့ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ

ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်တဲ့ ၂၅-၁-၂၀၁၈ ရက်နေ့(ကြာသပတေးနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၉-၁-၂၀၁၈ ရက်နေ့(တနင်္လာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်(တပ်မတော်သားကိုယ်စားလှယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ရန် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ အထက်ပါကိုယ်စားလှယ်နှစ်ဦး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၃-၂-၂၀၁၈ ရက်နေ့(တနင်္လာနေ့)တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက်(၂၄)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် (၂၄)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၄ မှ ၇ | ၈၊ ၉၊ ၁၀၊ ၁၂၊ ၁၄ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)နှင့် (ဃ) |
| (ဂ) | ၈ မှ ၁၀ | ၂၁၊ ၂၃၊ ၂၆၊ ၂၉ | အပိုဒ် ၁၂၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က) နှင့် (ခ)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ) |
| (ဃ) | ၁၀ မှ ၁၁ | ၃၁၊ ၃၃၊ ၃၅၊ | အပိုဒ် ၁၆ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဇ) |
| (င) | ၁၁ မှ ၁၄ | ၃၇၊ ၄၁၊ ၄၄၊ ၄၅၊ ၄၇၊ ၄၉၊ | အပိုဒ် ၁၇၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၄ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် |

| | | | |
|---|---|---|---|
| | | ၅၀ | ၂၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆ |
| (စ) | ၁၄ | ၅၂၊ ၅၃ | အပိုဒ် ၂၇၊ အပိုဒ် ၂၈ |
| (ဆ) | ၁၅ | ၅၇ | ရည်ရွယ်ချက် |
| (ဇ) | ၁၆ | ၅၈ | ကျိုးကြောင်းဖော်ပြချက် |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက်(၂၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘောထား ပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အစည်းအဝေးက ဆွေးနွေးပြင်ဆင်ချက်အတိုင်း သဘောတူပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း များဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်(၂၄)ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၂၄)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝန်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ (၁၉.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Lin　U Khin Cho




U Kyaw Lin　U Aung Soe




U Kyaw Lin　U Win Min




U Kyaw Lin　U Khin Maung Soe




U Kyaw Lin　U Aung Kyaw Zan




U Kyaw Lin　U Phone Myint Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်